အသင်သည် ငရဲသားတို့အနက်မှမဟုတ်

သုခဘုံသားတို့အနက်မှဖြစ်သည်ဟု စာဗိသ်ထံသွား၍

ပြောလိုက်ပါလေ။

အနတ်စ်ဗင်န် မာလိက် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် စာဗိသ်ဗင်န်ကိုင်းစ်အား
ရှာမတွေ့ဖြစ်ခဲ့သည်။ ထိုအခါ ပုဂ္ဂိုလ်တစ်ဦးက အို -
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်၊ ကျွန်တော်မျိုး ကိုယ်တော့်အတွက်
၎င်း၏သတင်းကိုယူလာပါမည်ဟု လျှောက်ထားခဲ့သည်။ ၎င်းနောက် ထိုပုဂ္ဂိုလ်သည်
စာဗိသ်ထံသို့ ရောက်သွားသောအခါ စာဗိသ်သည်ခေါင်းငိုက်စိုက်၍
ထိုင်နေသည်ကိုတွေ့သဖြင့် အသင့်အခြေအနေ မည်သို့ရှိပါသနည်းဟုမေးမြန်းခဲ့သည်။စာဗိသ်က (ကျွန်တော့်အခြေအနေသည်)ဆိုးရွားပါသည်ဟု ဖြေကြားခဲ့သည်။ ၎င်းသည်
မိမိ၏အသံကို တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏
အသံထက်ပိုကျယ်လေ့ရှိသည့်အတွက် မိမိ၏အမလ်ကျင့်ဆောင်မှုများ ပျက်စီးသွားပြီးမိမိသည်ငရဲသားတို့အနက်မှဖြစ်သွားပြီ(ဟုထင်မှတ်ခဲ့ပေသည်။) ၎င်းနောက်
ထိုပုဂ္ဂိုလ်သည် တမန်တော်မြတ်ထံလာရောက်၍ စာဗိသ်က ဤကဲ့သို့ ပြောဆိုကြောင်း
လျှောက်ထားခဲ့သည်။ ၎င်းနောက် ထိုပုဂ္ဂိုလ်သည် ကြီးကျယ်လှသည့်သတင်းကောင်းကို
ယူဆောင်ကာ ဒုတိယအကြိမ် ပြန်သွားခဲ့လေသည်။ ကိုယ်တော်ကမိန့်ကြားတော်မူလိုက်သည်မှာ- အသင်သည် ငရဲသားတို့အနက်မှမဟုတ်
သုခဘုံသားတို့အနက်မှဖြစ်သည်ဟု စာဗိသ်ထံသွား၍ ပြောလိုက်ပါလေ။
[صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်စာဗိသ်ဗင်န်ကိုင်းစ်(ရဿွိယလ္လာဟုအန်ဟု)အား ရှာမတွေ့သဖြင့် သူနှင့် ပတ်သက်၍မေးမြန်းတော်မူခဲ့သည်။ ထိုအခါ ပုဂ္ဂိုလ်တစ်ဦးက အို - အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်၊ ကျွန်တော်မျိုး ကိုယ်တော့်အတွက်၎င်း၏သတင်းကိုယူလာပါမည်၊ သူ‌ပျောက်ကွယ်‌နေရသည့်အကြောင်းကိုလည်း ပြောပြပါမည်ဟုလျှောက်ထားခဲ့သည်။ ၎င်းနောက် ထိုပုဂ္ဂိုလ်သည် စာဗိသ်ထံသို့ သွားသောအခါ စာဗိသ်သည်မိမိအိမ်၌ စိတ်မကောင်းဖြစ်ကာ ခေါင်းငိုက်စိုက်၍ ထိုင်နေသည်ကိုမြင်တွေ့ရသဖြင့်အသင့်အခြေအနေ မည်သို့ရှိပါသနည်းဟုမေးမြန်းခဲ့သည်။ စာဗိသ်က မိမိအခြေအနေမှာဆိုးရွားပါသည်ဟု ဖြေကြားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဆာဗိသ်သည် မိမိ၏အသံကိုတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ အသံထက်ပိုကျယ်လေ့ရှိသည်။ မည်သူမဆိုဤသို့ပြုလုပ်ပါက သူ၏အမလ်ကျင့်ဆောင်မှုများ ပျက်စီးသွားကာ သူကိုယ်တိုင်လည်းငရဲသားတို့တွင်ပါဝင်သွားကြောင်း အလ္လာဟ်အရှင်မြတ်က သတိပေးခြိမ်းခြောက်ထားသည်။၎င်းနောက် ထိုပုဂ္ဂိုလ်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံ လာရောက်၍ဆာဗိသ်က ဤကဲ့သို့ ပြောဆိုကြောင်း လျှောက်ထားခဲ့သည်။ ကိုယ်တော်မြတ်က ထိုပုဂ္ဂိုလ်အားစာဗိသ်ထံပြန်သွားကာ သူသည်ငရဲသားတို့အနက်မှမဟုတ်ဘဲ

သုခဘုံသားတို့အနက်မှဖြစ်‌ကြောင်းကို သတင်းကောင်းပေးရန် မိန့်ကြားတော်မူခဲ့သည်။အဘယ်ကြောင့်ဆိုသော်စာဗိသ်သည် ပင်ကိုအသံကျယ်သူဖြစ်ပြီးတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ခန့်ထားသော မိန့်ခွန်းပြောကြားသူ၊အန်ဆွာရီတို့ကို မိန့်ခွန်းပြောကြားသူဖြစ်သည်။ ထို့ကြောင့်သာ ကိုယ်တော့်ထက် အသံကျယ်သွားရခြင်းဖြစ်သည်။

https://sunnah.global/hadeeth/my/show/65073